အရှည်တွင် သံသရာ၊ အခြေ(ချည်)ကတော့တဏှာ၊

သံသရာကို တိုအောင်ဖြတ် တဏှာကိုသေအောင်သတ်၊

တောင်တွင်လည်း မြင့်မိုရ်၊ မြင်းတွင်လည်း အသဿထိုရ် ဂုဏ်ရှိရာ ဆိုခဲ့မည်

မြင်းမိုရ်ကို ပုံပြု၍ ကုသိုလ်ကို များအောင်စု ကောင်းမှုကို များအောင်ကြံ၊

သတ္တဝါကောင်း မကောင်း အကြောင်းကံ ကသာစီမံတော့သည်၊

ကံသာလျှင်အမိ ကံသာလျှင်အဖဆိုတာက လောကစကား၊

ဉာဏ်သာလျှင်အမိ ဉာဏ်သာလျှင်အဖဆိုတာကတော့ ဂေါတမဘုရားရှင်ရဲ့တရား၊

ဟောပြလို့ထားခဲ့တာက

**ဟန္တ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ**

**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ၊**

**ဘိက္ခဝေ** – အစစ်ပါးနပ်တဲ့ချစ်သားမြတ်တို့၊

**ဟန္တ** – သက်တော်ရှစ်ဆယ် ဝါလေးဆယ့်ငါး မရပ်မနားဘဲ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ရသဖြင့် ခန္ဓာတော်ရိန္ဓမ်း၍ ငါကိုယ်တော် အရှင်မြတ် တကယ်ပင် ပင်ပန်းခဲ့ရလေပြီ၊

**ဒါနိ – ဣဒါနိ** ယခုအခါကာလ၌ ဝါ ကုသိနာရုံ ပင်မျိုးစုံသည့် ရဂုံသာမောအင်ကြင်းတောဝယ်၊ မြောက်သို့ ဦးခေါင်းပြုကာ (လျောင်း၍) ထေရ်ပေါင်းခြံရံ နန်းနိဗ္ဗာန်သို့ ဝင်စံမည့်ဆဲဆဲ အချိန်ခါထဲ၌

**ဝေါ** – ရင်သွေးရတနာ သားသက်လျာဟု ကရုဏာသက်ထား သင်ချစ်သားတို့အား

**အာမန္တယာမိ** – အသိတရား အသိမမှားရအောင် ထင်ထင်ရှားရှားကြီး မိန့်ကြားတော်မူခဲ့ပါအံ့

**သင်္ခါရာ** – အစဉ်ထာဝရ ဘင်မှာကြပြန်တော့ ခင်မင်စရာမရနိုင်တဲ့ ဟောဒီ ဓမ္မာရုံ အဘိသင်္ခါရတရားတို့သည်

**ဝယဓမ္မာ** – ပျက်စီးခြင်းသဘောရှိကြပါပေကုန်၏၊

**ဝယဓမ္မာ** – လုစ်ကနဲ လုစ်ကနဲ လုစ်ကနဲ လုစ်ကနဲနဲ့ အဖြစ်ကလည်းမစဲ အပျက်ကလည်းမစဲနိုင်တာမို့၊ ထိတ်စရာသမ္ဗူအဝိဇ္ဇာက စတာကြောင့် ဟေးယောဂီတို့ရေ စိတ်သာချကြပေတော့၊ အနိစ္စဝတတို့ပါတကား၊ ဒုက္ခဝတတို့ပါတကား၊ အနတ္တဝတတို့ပါတကား၊

**အပ္ပမာဒေန** – မမေ့မလျော့ မပေါ့မဆ မြဲမြံသော သတိတရားဖြင့်

**သမ္ပါဒေထ** – ပြည့်စုံရစ်ကြပါကုန်လော့။

**သမ္မါဒေထ** – မြင်ရာမှာလည်းမမေ့နဲ့၊ ကြားရာမှာလည်းမမေ့နဲ့၊ စားရာမှာလည်းမမေ့နဲ့၊ သွားရာမှလည်းမမေ့နဲ့ နံ့ရာမှာလည်းမမေ့နဲ့၊ တွေ့ရာထိရာသိရာတို့မှာလည်းမမေ့လိုက်ကြပါနဲ့ မေ့တတ်တဲ့ဝါသနာတွေကို၊ မေ့တတ်တဲ့ဝါသနာတွေကို တနေ့မကြာမကြာ သတိထုံရစ်ကြပေကုန်တော့ အော် . . .သူတော်ကောင်းတို့သည် အပ္ပမာဒခေါ် သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်ကြပါစေ ကုန်တော့သတည်း။